အကြင်သူသည် အလ္လာဟ်အရှင်မြတ်မှအပ အခြားတစ်စုံတစ်ရာကို
ဟစ်ခေါ်ဆုတောင်း၍ သေဆုံးခဲ့လျှင် ထိုသူသည်
ဂျဟန္နမ်ငရဲသို့
အဗ်ဒုလ္လာဟ်ဗင်န် မတ်စ်အူးဒ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်
(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က အကြောင်းအရာတစ်ခုကို မိန့်ကြားတော်မူခဲ့သည်။
ကျွန်ုပ်က အခြားအကြောင်းအရာတစ်ခုကို ထပ်လောင်းပြောပြခဲ့သည်။ တမန်တော်မြတ်
(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်။ အကြင်သူသည်
အလ္လာဟ်အရှင်မြတ်မှအပ အခြားတစ်စုံတစ်ရာကို ဟစ်ခေါ်ဆုတောင်း၍ သေဆုံးခဲ့လျှင်
ထိုသူသည် ဂျဟန္နမ်ငရဲသို့ ဝင်ရောက်ရမည်။ ကျွန်ုပ်ပြောခဲ့သည် အကြင်သူသည်
အလ္လာဟ်အရှင်မြတ်မှအပ အခြားတစ်စုံတစ်ရာကို ဟစ်ခေါ်ဆုတောင်းခြင်းမပြုဘဲ
သေဆုံးခဲ့လျှင် ထိုသူသည် ဂျန္နသ်သုခဘုံသို့ ဝင်ရောက်ရမည်။
[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း။]
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်။ မည်သူမဆို
အလ္လာဟ်အရှင်မြတ်အတွက် သီးသန့်ဖြစ်သည့်အရာကို အခြားသူအတွက် သုံးစွဲမည်။ ဥပမာ-
အလ္လာဟ်အရှင်မြတ်အပြင် အခြားတစ်ဦးတစ်ယောက်ထံ ဒုအာဆုတောင်းမည်။ အရှင်မြတ်အပြင်
အခြားတစ်ဦးတစ်ယောက်ထံ၌ ဒုက္ခများမှ ကယ်တင်ရန် အကူအညီတောင်းမည်။ ၎င်းနောက်
ထိုအခြေအနေပေါ်၌ပင် သေဆုံးသွားပါက ထိုသူသည်
ဂျဟန္နမ်ငရဲဘုံသားများအနက်မှပင်ဖြစ်သည်။ ထို့နောက် အစ်ဗ်နု မတ်စ်အူးဒ်
(ရဿွိယလ္လာဟုအန်ဟု)က ထပ်လောင်း ပြောကြားသည်မှာ မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့်
တစ်စုံတစ်ရာကို ယှဉ်တွဲကိုးကွယ်ခြင်းမပြုဘဲ သေဆုံးခဲ့ပါက ၎င်း၏ပြန်လှည့်ရာ
နေရာဌာနမှာ ဂျန္နသ်သုခဘုံပင် ဖြစ်သည်။
https://sunnah.global/hadeeth/my/show/3419